# နာဂဘာသာစကားလေ့လာချက်

ပါရဂူ (PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

စိုင်းကျော်ထွန်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ် မတ်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အနောက်မြောက်ဘက်၊ အိန္ဒိယ- မြန်မာ နယ်စပ်ဒေသရှိ နာဂတိုင်းရင်းသားတို့ ပြောဆိုသုံးနှုန်းလျက်ရှိသည့် နာဂဘာသာစကား၏ ယေဘုယျသဘောသဘာဝကို လေ့လာဖော်ထုတ်ထားသည့် ကျမ်းဖြစ်သည်။

ဤကျမ်းကို
နိဒါန်း
အခန်း (၁) နာဂတိုင်းရင်းသားတို့၏နောက်ခံသမိုင်းအကျဉ်း
အခန်း (၂) နာဂစကားသံဖွဲ့ပုံ
အခန်း (၃) နာဂစကားလုံးဖွဲ့ပုံ
အခန်း (၄) နာဂပုဒ်ဖွဲ့ပုံ
အခန်း (၅) နာဂဝါကျဖွဲ့ပုံ
ခြုံငုံသုံးသပ်ချက်
နိဂုံး
နောက်ဆက်တွဲ ဟူသည့် ကဏ္ဍ (၉)ခုဖြင့် ဖွဲ့စည်းထားသည်။

ဘာသာစကားကို အဓိကထားလေ့လာသည့်ကျမ်းဖြစ်သော်လည်း အလေ့လာခံ တိုင်းရင်းသားတို့၏အကြောင်းကိုပါအကျဉ်းမျှ ဖော်ထုတ်သင့်သည်ဟု ခံယူသဖြင့် အခန်း (၁)တွင် နာဂတိုင်းရင်းသားတို့၏အကြောင်းကို အကျဉ်းမျှဖော်ပြထားသည်။

အခန်း (၂) နာဂစကားသံဖွဲ့ပုံအခန်းတွင် နာဂဗျည်း၊ သရများ၊ နာဂဝဏ္ဏဖွဲ့ပုံ၊ နာဂတက်ကျသံတို့ကို ဖော်ထုတ်ထားသည်။ နာဂဗျည်းများတွင် မြန်မာဘာသာ၌ မရှိသည့် [ f , v , ɢ , ʤ , ɦ ] ဗျည်းတို့ကို တွေ့ရသည်။ နာဂသရတွင်လည်း မြန်မာဘာသာတွင် မရှိသည့် [ ɤ , ɯ , ə: , ia , ua ] သရတို့ကို တွေ့ရသည်။ နာဂဝဏ္ဏဖွဲ့ပုံတွင် OVO၊ CVO၊ CVC ဖွဲ့စည်းပုံမျိုးကို တွေ့ရသည်။ အဆုံးဗျည်းအနေဖြင့် [ m, n, ŋ, p, t, k, ʔ ] တို့ကို တွေ့ရသည်။ ဗျည်းတွဲတွင် ဗျည်းနှစ်လုံးသာတွဲနိုင်သည်။ တွဲနိုင်သည့်ဗျည်းတို့မှာ [l, w. j, r] တို့ဖြစ်သည်။ ထူးခြားသည်မှာ နာဂဝဏ္ဏဖွဲ့ပုံတွင် အစဗျည်းသံရပ်ရှိခြင်းပင်ဖြစ်သည်။ ယေဘုယျ အားဖြင့် တက်ကျသံ (၄) ခု ရှိသည်ကို တွေ့ရသည်။ ရပ်သံ နှင့် မတြာဝက်အသံတို့ကိုပါ ထည့်သွင်း ရေတွက်မည်ဆိုလျှင် တက်ကျသံ (၆) ခု ရှိသည် ဟု ဆိုနိုင်သည်။

အခန်း (၃) စကားလုံးဖွဲ့ပုံအပိုင်းတွင် နာဂရုပ်ရင်းနှင့် စကားလုံး ဖွဲ့စည်းပုံတို့ကို ဖော်ထုတ်ထားသည်။ စကားလုံးကို ဖွဲ့စည်းပုံအရ၊ သဒ္ဒါအရ၊ အသုံးအရ ခွဲခြားလေ့လာရာတွင် အငြင်းဝိဘတ် ရှိနိုင်သည့် နေရာနှစ်မျိုးရှိသည်တွေ့ရသည်။

အခန်း (၄)တွင် ပုဒ်ဖွဲ့ပုံကို လေ့လာဖော်ထုတ်ထားသည်။

အခန်း (၅)တွင် နာဂဝါကျဖွဲ့ပုံကို လေ့လာဖော်ထုတ်ထားပါသည်။ နာဂဝါကျတွင် ဝိဘတ်သည် အရေးပါသည်။ သဒ္ဒါစကားလုံး အစီအစဉ်အရ နာဂဝါကျဖွဲ့ပုံသည် ကတ္တား၊ ကံ၊ ကြိယာ SOV ပုံစံဖြစ်သည်။

နောက်ဆက်တွဲတွင် အလေ့လာခံနာဂဝေါဟာရများကို သံရင်းပြန်အသံလှယ်၍ ဖော်ပြထားပါသည်။